## Sixteenth Sunday in Ordinary Time (July 20, 2014)

**1st READING:** ***Wisdom: 12: 13, 16-19***

*ဉာဏ်ပညာတော်ကျမ်း -၁၂။ ၁၃နှင့်၁၆မှ၁၉။*

အရာခပ်သိမ်းတို့ကိုစောင့်ရှောက်အုပ်ထိန်းတော်မူသော ကိုယ်တော်မှတစ်ပါး အခြားမည်သည့်ဘုရားမျှမရှိ။ ကိုယ်တော်သည် ဖြောင့်မတ်စွာတရားစီရင်တော်မူကြောင်းပြတော်မူသည်။ ကိုယ်တော်၏ခွန်အားတန်ခိုးသည် တရားမျှတခြင်း၏အစမူလဖြစ်တော်မူ၏။ ကိုယ်တော်သည်အားလုံးတို့၏ အရှင်သခင်ဖြစ်တော်မူသည့်အလျောက် အားလုံးတို့ကိုသက်ညှာတော်မူ၏။ အကြောင်းမူကား ကိုယ်တော်၏စွမ်းအားတန်ခိုးတော်ကိုလူတို့သည် မယုံကြည်ကြသောအခါကိုယ်တော်သည် ခွန်အားတန်ခိုးကိုပြတော်မူ၏။ ကိုယ်တော်ကိုမသိသူတို့၏ မောက်မာ စော်ကားခြင်းများကိုလည်းပေါ်လွင်စေတော်မူ၏။ တန်ခိုးတော်၏အရှင်သခင်ဖြစ်တော်မူသော ကိုယ်တော်သည် ကရုဏာတော်နှင့်စီရင်ဆုံးဖြတ်တော်မူ၏။ ကျွန်ုပ်တို့ကိုလည်း ကြီးစွာသောသနားကြင်နာတော်မူခြင်း ဖြင့် စီမံအုပ်ချုပ်တော်မူသည်။ အကြောင်းမူကား ကိုယ်တော်အလိုရှိတော်မူသည့်အတိုင်း ဆောင်ရွက်နိုင်တော်မူ၏။ ကိုယ်တော်သည်ကိုယ်တော်၏လူမျိုးစုကိုထိုကဲ့သို့သော လုပ်ငန်းများဖြင့်သင်ကြားတော်မူသည်။ အကြောင်းမူကား ဖြောင့်မတ်သောသူသည် စာနာမှုရှိရမည်။ ကိုယ်တော်သည်ကိုယ်တော်၏လူမျိုးစုကိုထိုကဲ့သို့သော လုပ်ငန်းများဖြင့်သင် ကြားတော်မူသည်။ အကြောင်းမူကားဖြောင့်မတ်သောသူသည် စာနာမှုရှိရမည်။ ကိုယ်တော်သည် ကိုယ်တော်၏ သားသမီးတို့အား ကောင်းသောမျှော်လင့်ခြင်းကို ပေးတော်မူသည်။ အကြောင်းမူကားကိုယ်တော်သည် အပြစ်များအတွက် နောင်တရခွင့်ပေးတော်မူသည်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

## Responsorial Psalm  Psalm  86: 5-6, 9-10, 15-16

ဆာလံ ၈၆။

*သံပြိုင်- အိုသခင်ကိုယ်တော်သည်နူးညံ့သိမ်မွေ့ချိုမြတ်သာယာတော်မူ၏။*

🔔 အကြောင်းမူကား အိုသခင်ကိုယ်တော်သည် နူးညံ့သိမ်မွေ့ချိုမြတ်သာယာတော်မူ၏။ ကိုယ်တော်အား တောင်းလျှောက်သူအပေါင်းတို့ကိုကြီးမားသော ကရုဏာမေတ္တာထားတော်မူ၏။ အိုသခင်ကျွန်ုပ်၏ ဆုတောင်းမေတ္တာကို နားညောင်းတော်မူပါ။ ကျွန်ုပ်၏တောင်းလျှောက်သံကိုလည်း ဂရုမူတော်မူပါ။ (သံပြိုင်)

🔔 အိုသခင်ကိုယ်တော်ဖန်ဆင်းတော်မူသောလူမျိုးအပေါင်းတို့သည် လာကြ၍ ကိုယ်တော်၏မျက်မှောက်တော်၌ဝတ်ပြု ကိုးကွယ်ကြလျက် ကိုယ်တော်၏နာမတော်ကိုချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ အကြောင်းမူကား ကိုယ်တော်သည် ကြီးမြင့်မြတ်တော်မူ၍ အံ့ဖွယ်ရာများကိုပြုတော်မူ၏။ ကိုယ်တော်တစ်ပါးတည်းသာလျှင် ဘုရားသခင်ဖြစ်တော်မူ၏။ (သံပြိုင်)

🔔 အိုသခင်ကိုယ်တော်သည်ကရုဏာသနားခြင်းနှင့်လည်းကောင်း၊ မေတ္တာတရား၊ သစ္စာတရားနှင့်လည်းကောင်း၊ ပြည့်စုံတော်မူ၏။ ကျွန်ုပ်ကိုကြည့်ရှုတော်မူ၍သနားတော်မူပါ။

## 2nd READING: Romans 8: 26-27

*မှန်မြတ်သောတပည့်တော်ကြီးသံပေါလူး ရောမားမြို့သားတို့ထံရေးသောစာ။ (၈၊ ၂၆မှ၂၇)*

ညီအစ်ကိုတို့၊

ကျွန်ုပ်တို့အားနည်း၍မတတ်နိုင်သောအရာကိုသန့်ရှင်းသောဝိညာဉ်တော်သည် ကူညီမစတော်မူသည်။ ကျွန်ုပ်တို့သည်အဘယ်ဆုကိုတောင်းရမည်ဟုမသိကြ။ သို့သော်သန့်ရှင်းသောဝိညာဉ်တော်သည် ပြော၍မပြနိုင်သောနည်းဖြင့် ကျွန်ုပ်တို့အဖို့အသနားခံတော်မူသည်။ လူ၏စိတ်နှလုံးကိုသိတော်မူသော သခင်သည် သန့်ရှင်းသောဝိညာဉ်တော်ဘယ်အရာအလိုရှိကြောင်းကိုသိတော်မူသည်။ အကြောင်းမူကား သန့်ရှင်းသောဝိညာဉ်တော်သည် ဘာသာတူတို့အတွက်ဘုရားသခင်၏အလိုတော်နှင့်အညီတောင်းပေးတော်မူသည်။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***

**GOSPEL:** *Matthew 13: 24-43*

*သံမာတေဦးရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၃၊ ၂၄မှ၄၃)*

ထိုကာလ၌သခင်ယေရှုသည် လူအစုအဝေးတို့အား အခြားသောဥပမာကိုမိန့်တော်မူသည်။ ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကိုမိမိလယ်ခင်း၌ကြဲသောသူနှင့်တူ၏။ လူတို့သည်အိပ်ပျော်နေသောအခါ သူ၏ရန်သူလာ၍ တောမျိုးစေ့ကိုဂျုံ စပါးအလယ်၌ထပ်ကြဲခဲ့၍သွားလေ၏။ အပင်ပေါက်၍အသီးအနှံထွက်သောအခါ၊ တောစပါးများလည်း ထင်ရှားလေ၏။ အစေအပါတို့သည်လည်း အိမ်ရှင်ထံသို့သွားကြ၍ အရှင်ကောင်းသောမျိုးစေ့ကို ကိုယ်တော်၏လယ်ခင်း၌ကြဲထားတော်မူသည်မဟုတ်လော။ သို့ဖြစ်လျှင်တောပင်တို့သည် အဘယ်ကဖြစ်လာသနည်းဟု လျှောက်ကြလေသော်ရန်သူသည် ဤအမှုကိုပြုသည်ဟုသူတို့အားဆို၏။ အစေအပါးတို့ကလည်း ကျွန်တော်တို့သည် သွား၍သိမ်းနှုတ်ပါမည်။ အလိုရှိသလောဟုမေးလျှောက်ကြလျှင်၊ ငါအလိုမရှိ၊ တောပင်တို့ကိုသိမ်းနှုတ်ကြလျှင် ဂျုံစပါးကိုလည်း အတူနှုတ်မိလိမ့်မည်ကိုစိုးရိမ်ရ၏။ စပါးရိတ်သည့်ကာလတိုင်အောင်နှစ်မျိုးစလုံးကြီးပွားပါလေစေ။ စပါးရိတ်ချိန်အခါ၌ တောပင်တို့ကို ရှေ့ဦးစွာသိမ်းရုံး၍ မီးရှို့ဖို့အစည်းစည်းကြလော့။ ဂျုံစပါးကိုကား ငါ၏စပါးကျီထဲ၌ စုသိမ်းသွင်းကြလော့ဟု စပါးရိတ်သောသူတို့အား ငါမှာထားမည်ဟုဆို၏။ သူတို့ဆင်ခြင်ရန်အခြားသော ဥပမာစကား ကိုမြွက်တော်မူသည်ကား ကောင်းကင်နိုင်ငံတော်သည်လူတစ်ဦးသည် မိမိယာခင်း၌ယူ၍စိုက်သောမုန်ညင်းစေ့နှင့်တူ၏။ ထိုအစေ့သည်အစေ့တကာတို့တွင်အငယ်ဆုံးဖြစ်သော်လည်း ကြီးပွားသောအခါ ဟင်းရွက်ပင်တကာတို့ထက်ကြီးသဖြင့် မိုးကောင်းကင်ငှက်တို့သည်လာ၍အကိုင်းအခက်တို့၌ နားနေမှီခိုလောက်သောအပင်ဖြစ်၏။ အခြားသောဥပမာစကား ကိုသူတို့အား ဟောတော်မူသည်။ ကောင်းကင်နိုင်ငံတော်သည် မိန်းမတစ်ဦးသည်ယူ၍ မုန့်ညက်သုံးတင်း၌ဖွက်ထားသဖြင့် အားလုံးဖောင်းကြွစေတတ်သောတဆေးနှင့်တူ၏။ ယေရှုသည် ဤအရာအလုံးစုံကို ဥပမာစကားဖြင့်လူအစုအဝေးတို့ အားဟောတော်မူ၏။ ဥပမာစကားနှင့်ကင်း၍လည်းဟောတော်မမူသည်ဖြစ်၍ ငါသည်နှုတ်ကိုဖွင့်၍ ဥပမာစကားများကိုဆိုပေအံ့။ ငါသည်ကမ္ဘာဦးမှစ၍ဖုံးကွယ်လျက်ရှိသောအရာများကို ဖော်ထုတ်ပေအံ့ဟူ၍ပရောဖက်ဟောထားချက်သည်ပြည့်စုံခြင်းသို့ရောက်လေသတည်း။ ထိုနောက်လူအစုအဝေးတို့ကိုလွှတ်လိုက်ပြီးမှ အိမ်သို့ဝင်တော်မူလျှင် တပည့်တော်တို့သည် အထံတော်သို့ချဉ်းကပ်ကြ၍ လယ်ခင်း၌တောမျိုးစေ့၏ဥပမာစကားကိုတပည့်တော်တို့အား ဖော်ပြတော်မူပါဟုလျှောက်ကြ၏။ ကိုယ်တော်ကလည်းပြန်ပြောတော်မူ၍ သူတို့အားမိန့်တော်မူသည်ကား ကောင်းသောမျိုးစေ့ကြဲသောသူသည်လူသားဖြစ်၏။ လယ်ခင်းကား ဤလောကဖြစ်၏။ ကောင်းသောမျိုးစေ့ကားနိုင်ငံတော်သားများဖြစ်ကြ၏။ တောမျိုးစေ့ကားဆိုးသောသူ၏သားများဖြစ်ကြ၏။ တောမျိုးစေ့ကိုကြဲသောရန်သူကား နတ်ဆိုးဖြစ်၏။ စပါးရိတ်ချိန်သော်ကား ကမ္ဘာကုန်သော ကာလဖြစ်၏။ စပါးရိတ်သောသူများကား ကောင်းကင်တမန်တော်တို့ဖြစ်ကြ၏။ သို့ဖြစ်၍တောပင်တို့ကိုသိမ်းရုံး၍မီးရှို့သကဲ့သို့ ကမ္ဘာကုန်သောအချိန်၌လည်း ထိုနည်းတူစွာဖြစ်လိမ့်မည်။ လူသားသည် ကောင်းကင်တမန်တော်တို့ကိုစေလွှတ်တော်မူ၍ သူတို့သည်မှားယွင်းစေသောအရာရှိသမျှနှင့်မတရားအမှုကိုပြုသောသူတို့ကိုကိုယ်တော်၏ နိုင်ငံထဲမှသိမ်းရုံး၍ မီးဖိုထဲသို့ချလိမ့်မည်။ ထိုနေရာ၌ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိလိမ့်မည်။ ထိုအခါဖြောင့်မတ်သောသူတို့သည် မိမိတို့အဖနိုင်ငံတော်၌ နေကဲ့သို့ထွန်းလင်းလိမ့်မည်။ ကြားခြင်းငှာနားရှိသောသူကြားပါလေစေ။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*